جمعية خدمة المحتوى
الإسلامي باللغات

# အစ္စလာမ်သည်ပွင့်လေသမျှသော ရစူလ်တမန်တော်အပေါင်း၏ သာသနာဖြစ်သည်။

မြန်မာ | بورمي | الإِسْلاَمُ دِينُ رُسُلِ اللهِ

အစ္စလာမ်သာသနာ နှင့် ပတ်သက်၍
ဘာသာစကားများစွာဖြင့်စုစည်းတင်ပြပေးနေသောအဖွဲ့
ရှိ ပညာရေးဌာန

الإِسْلَامُ دِينُ رُسُلِ اللّٰهِ

# အစ္စလာမ်သည်ပွင့်လေသမျှသော ရစူလ်တမန်တော်အပေါင်း၏ သာသနာ ဖြစ်သည်။


اللَّجْنَةُ العِلْمِيَّةُ

بِجَمْعِيَّةِ خِدْمَةِ المُحْتَوَى الإِسْلَامِيِّ بِاللُّغَاتِ

အစ္စလာမ်သာသနာ နှင့် ပတ်သက်၍ ဘာသာစကားများစွာဖြင့်စုစည်းတင်ပြပေးနေသောအဖွဲ့ ရှိ ပညာရေးဌာန

بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ

# အစ္စလာမ်သည်ပွင့်လေသမျှသော ရစူလ်တမန်တော်အပေါင်း၏ သာသနာ ဖြစ်သည်။

အစ္စလာမ်ဟူသည် လောကစကြာဝဠာအပေါင်းကို ဖန်ဆင်းတော်မူသော စီမံခန့်ခွဲတော်မူသော အလ္လာဟ်အရှင်တစ်ပါးတည်းထံသို့ယုံကြည်အပ်နှင်းခြင်းနှင့် ထိုအရှင်၏ကြီးကျယ်မြင့်မြတ်မှုကို နှလုံးသွင်းကာ ချစ်မြတ်နိုးခြင်းအတိဖြင့်နာခံသစ္စာပြုခြင်းဖြစ်သည်။ အစ္စလာမ်၏အဓိကပင်မအုတ်မြစ်မှာ-အလ္လာဟ်အရှင်မြတ်ကို သက်ဝင် ယုံကြည်ခြင်း၊ အရှင်မြတ်သည်သာ အရာခပ်သိမ်းကို ဖန်ဆင်းတော်မူပြီး အလ္လာဟ်မှအပအခြားသောခပ်သိမ်းကုန်သည် ဖန်ဆင်းခံများသာဖြစ်ကြောင်း သက်ဝင်ယုံကြည်ခြင်းဖြစ်သည်။အရှင်မြတ်တစ်ပါးတည်းသာ ခပ်ဝပ်ကိုးကွယ်ဆည်းကပ်မှုအစုစုကို အကြွင်းမဲ့ခံထိုက်တော်မူသည်။ ထိုအရှင်နှင့်တုဖက်ယှဉ်ဖက်ဟူ၍အလျှင်းမရှိပေ။ အလ္လာဟ်အရှင်မြတ်မှအပအခြားခဝပ်ကိုးကွယ်ထိုက်သော အရှင်ဟူ၍လည်းအလျှင်းမရှိပေ။ ထိုအရှင်မြတ်တွင် အလွန်လှပ

သောနာမတော်နှင့်ဂုဏ်တော်များရှိသည်။ အကြွင်းမဲ့ပြည့်စုံခြင်းသည်အရှင်မြတ်အဖို့သာဖြစ်၏။ အရှင်မြတ်တွင်လျော့နည်းချက်တစ်စုံတစ်ရာဟူ၍အလျှင်းမရှိ။ ထိုအရှင်က မည်သူတစ်ဦးတစ်ယောက်ကိုမျှ မွေးဖွားခဲ့ခြင်းမရှိ။ မည်သူတစ်ဦးတစ်ယောက်၏မွေးဖွားခြင်းကိုလည်းခံခဲ့ရသည်မဟုတ်ချေ။ ထိုအရှင် မြတ်နှင့်ဂုဏ်ရည်တူသူဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင်မရှိပေ။ အရှင်မြတ်သည် ဖန်ဆင်းခံများနှင့်တစ်ပေါင်းတစ်စည်းတည်းဖြစ်နေသည်မဟုတ်။ မည်သည့်ဖန်ဆင်းခံတစ်စုံတစ်ရာ၏ အသွင်ကိုမှပုံဆောင်ထားသည်လည်းမဟုတ်ပေ။

အစ္စလာမ်သာသနာသည် အလ္လာဟ်အရှင်မြတ်သဘောတူလက်ခံ ထားသည့်တစ်ခုတည်းသောသာသနာဖြစ်သည်။ အစ္စလာမ်မှလွဲ၍အခြားသော ခဝပ်ဆည်းကပ်ယုံကြည်မှုတစ်ခုခုသည် အရှင်မြတ်ထံတော်တွင်သာသာနာအဖြစ်လက်ခံခြင်းခံရလိမ့်မည်မဟုတ်ပေ။ အစ္စလာမ်သည် ပွင့်လေသမျှသော တမန်တော်အပေါင်းယူဆောင်လာသည့်တစ်ခုတည်းသောသာသနာဖြစ်သည်။

အစ္စလာမ်သာသနာ

၏ အခြေခံယုံကြည်ချက်များထဲမှ တစ်ခုမှာ ရစူလ်တမန်တော်အားလုံးကို ယုံကြည်ခြင်းနှင့်၊ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ အမိန့်တော်များကို ကျေး

ကျွန်အပေါင်းတို့ထံ ပို့ဆောင်ရန် တမန်တော်များကို စေလွှတ်တော်မူပြီး သူတို့ထံသို့ ကျမ်းဂန်များ ချမှတ်ပေးအပ်တော်မူကြောင်း ယုံကြည်ခြင်း ဖြစ်သည်။

ထိုတမန်တော်များအနက် နောက်ဆုံးအဆုံးမှာ တမန်တော်မြတ် မုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ဖြစ်တော်မူသည်။ အရှင်မြတ်သည် ထိုတမန်တော်အား ယခင်တမန်တော်များ၏ သာသနာတော်များကို ရုပ်သိမ်းတော်မူပြီး နိဂုံးချုပ်သော အရှင်မြတ်၏ တရားဓမ္မဖြင့် စေလွှတ်တော်မူခဲ့သည်။

အလ္လာဟ်အရှင်မြတ်သည် ကြီးမြတ်သော အာယာသ်သက်သေလက္ခဏာတော်များဖြင့် ထိုတမန်တော်အား အားပေးကူညီတော်မူခဲ့ပြီး၊ ယင်းတို့အနက် အကြီးမြတ်ဆုံးမှာ ကုရ်အာန်ကျမ်းမြတ်ပင် ဖြစ်သည်။ ထိုကျမ်းမြတ်သည် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ မုက္ခပါဌ်တော်ဖြစ်၍ လူသားတို့သိရှိခဲ့

သမ္ဗျသော ကျမ်းဂန်များအနက် အကြီးမြတ်ဆုံးသော ကျမ်းဂန်ဖြစ်သည်။

ယင်းသည် ၎င်း၏အကြောင်းအရာ၊ စကားလုံးအသုံးအနှုန်းနှင့် စီစဉ်ထားပုံစနစ်တို့တွင် အံ့ဖွယ်သော ပြယုဂ်လည်းဖြစ်သည်။ ထိုကျမ်းမြတ်တွင် လောကီဘဝနှင့် တမလွန်ဘဝ၌ ကောင်းကျိုးချမ်းသားရရှိရေးသို့ ပို့ဆောင်ပေးသော အမှန်တရားဆီသို့ ညွှန်ကြားပြသမှုများ ပါရှိသည်။ ထိုကျမ်းသည်

ယနေ့တိုင် အရဗီဘာသာစကားဖြင့် မူရင်းအတိုင်း ထိန်းသိမ်းစောင့်ရှောက်ခြင်းခံထားရပြီး၊ စာလုံးတစ်လုံးတစ်ပါဒမျှပင် ပြောင်းလဲခြင်း၊ အစားထိုးခြင်း မရှိခဲ့ပေ။

ထို့ပြင် အစ္စလာမ်သာသနာ၏ အခြေခံယုံကြည်ချက်များထဲမှ (အချို့မှာ) -

မလာအိကဟ်ကောင်းကင်တမန်များကို သက်ဝင်ယုံကြည်ခြင်း၊ နောက်ဆုံးနေ့ကို သက်ဝင်ယုံကြည်ခြင်း - ထိုနေ့တွင် အလ္လာဟ်အရှင်မြတ်သည် လူသားအားလုံးကို သူတို့၏ ကဗရ်သင်္ချိုင်းများမှ ပြန်လည်ရှင်ထစေတော်မူပြီး၊

သူတို့၏ ပြုမူကျင့်ကြံမှုများအတွက် စစ်ဆေးမေးမြန်းတော်မူမည်။ ထို့ကြောင့်

မည်သူမဆို ကောင်းမြတ်သော အမလ်များကို ကျင့်မူဆောင်ရွက်လျှင် ထိုသူသည် ယုံကြည်သူ (မုအ်မင်န်) ဖြစ်လျှင်၊ ထိုသူအဖို့ ဂျန္နတ်သုခဘုံ၌ ထာဝရပျော်ရွှင်ဖွယ်ရာဆုလာဘ်တော်ရှိသည်။

သို့တည်းမဟုတ် မည်သူမဆို မယုံကြည် သွေဖီငြင်းဆန်ပြီး မကောင်းမှုဒုစရိုက်များကို ပြုမူကျင့်ကြံလျှင်၊ ထိုသူအဖို့ ငရဲမီး၌ ပြင်းပြနာကျင်ဖွယ်သော ပြစ်ဒဏ်ရှိသည်။

ထို့ပြင် အစ္စလာမ်၏ အခြေခံယုံကြည်ချက်များထဲတွင် အလ္လာဟ်အရှင်မြတ် သတ်မှတ်စီမံ တော်မူထားသော သက္ကဒီရ်ကောင်းကျိုး (သို့) ဆိုးကျိုး ဖြစ်ရပ်အားလုံးကို ယုံကြည်ခြင်းလည်း ပါဝင်သည်။

မွတ်စ်လင်မ်တို့သည် အီစာ ( ယေရှုခရစ် တော်) အားဖန်ဆင်းရှင်၏ အစေတော်နှင့် တမန်တော်အဖြစ်ယုံကြည်ကြပါသည်။ ခရစ်တော်သည် ဖန်ဆင်းရှင်၏သားတော်အလျှင်းမဟုတ်။မြင့်မားကြီးကျယ်လှတော်မူသောအနန္တအရှင်၊အနှိုင်းမဲ့ဖန်ဆင်းရှင်တွင် ဇနီးမယားရှိခြင်းနှင့်သားသမီး

ရှိခြင်းသည် မဖြစ်တန်မအပ်စပ်ရာတည်း။ သို့သာမက ကု ရ်အာန်ကျမ်းတော်မြတ်တွင် ယေရှုခရစ်တော်သည် တမ န်တော်တစ်ပါးဖြစ် ကြောင်း၊ ဖန်ဆင်းရှင်သည် ခရစ်တော် အား တမန်တော်ဖြစ်ခြင်း၏များစွာသော အံ့ဖွယ်တန်ခိုး တော်များကိုချီးမြှင့်ခဲ့ကြောင်း၊ ခရစ်တော်သည် မိမိ၏ နောက်လိုက်သားချင်းများကို တုဖက်ယှဉ်ဖက်ဂုဏ်ရည်တူ အလျှင်းမရှိသည့် ဖန်ဆင်းရှင်အလ္လာဟ်အရှင်မြတ်တစ်ပါး တည်းကိုသာ ခဝပ်ကိုးကွယ်

ဖို့ဖိတ်ခေါ်လမ်းညွှန်သွားကြောင်း၊ ခရစ်တော်သည် သူ့ ကိုကိုးကွယ်ဖို့တစ်ကြိမ်တစ်ခါမျှပင် မမြွက်ဟခဲ့ကြောင်းနှ င့် ခရစ်တော်ကိုယ် တိုင် တစ်ပါးတည်းသောအရှင်ကိုသာ ကိုးကွယ်ခဲ့ကြောင်း ဖော်ပြမိန့်ကြားထားတော်မူပေသည်။

အစ္စလာမ်သည် လူ့ဗီဇ၊လူ့အသိဉာဏ်နှင့် ကိုက်ညီမှုရှိ ပြီး

ဖြောင့်မှတ်

သောစိတ်နေသ

ဘောထားရှိသူများ လက်ခံသော သာသနာဖြစ်သည်။ ၎ င်းကို ကြီးကျယ်မြင့်မြတ်သော ဖန်ဆင်းရှင်က သူ၏ဖန်ဆ

င်းခံတို့အတွက် ပြဌာန်းထားတော်မူသည်။ ၎င်းသည် လူသားအားလုံးအတွက် ကောင်းကျိုးနှင့် ပျော်ရွှင်မှုကို ဆောင်ကျဉ်းပေးသော သာသနာဖြစ်သည်။ အသားအရောင်တစ်ခုကို တစ်ခုထက် သို့မဟုတ် လူမျိုးတစ်ခုကို တစ်ခုထက် ပိုမိုမြင့်မြတ်သည်ဟု မယူဆပေ။ လူသားအားလုံး ဤသာသနာတွင် တန်းတူညီမျှသည်။ အစ္စလာမ်တွင် တစ်စုံတစ်ဦးသည် မိမိ၏ ကောင်းမှုကုသိုလ်အလျောက်သာလျှင် အခြားသူထက် သာလွန်မှုရှိသည်။

သို့ပါ၍ အသိဉာဏ်ပညာအမြော်အမြင်ရှိသော လူသားတိုင်းသည် အလ္လာဟ်အရှင်မြတ်ကို ခပ်သိမ်းကုန်၏ဖန်ဆင်းရှင်အဖြစ် သက်ဝင်ယုံကြည်ရမည်။ တမန်တော်မုဟမ္မဒ်ကို (နောက်ဆုံး)တမန်တော်အဖြစ်ယုံကြည်ရပေမည်။ ဤတွင် လူသားအတွက် အမိန့်တော်ကို နာခံခြင်းသာရှိပြီး ရွေးချယ်စရာမရှိပေ။ ရှင်ပြန်ထမြောက်ရမည့်ကမ္ဘာတရားခွင်နေ့တွင် အလ္လာဟ်အရှင်မြတ်သည် တမန်တော်အပေါင်း၏ လမ်းညွှန်ပြသခဲ့မှုကို အဘယ်ကဲ့သို့တုန့်ပြန်ခဲ့သည်၊ လိုက်နာခဲ့သည်နှင့်ပတ် သက်၍ မေးမြန်းတော်မူလိမ့်မည်။ ယုံကြည်သူအတွက် အနိုင်းမဲ့အောင်မြင်မှုနှင့်ကြီးမားသော

ဆုလာဘ်တို့ရှိလိမ့်မည်။ မယုံကြည်ငြင်းဆန်ဖောက်ပြား သူအတွက် အလွန်ထင်ရှားကြီး ကျယ်သောဆုံးရှုံးခြင်းတို့ ရှိလိမ့်မည်။

အစ္စလာမ့်အေးရိပ်ဆာယာအောက်သို့လာရောက်ခိုလှုံ ချင်သူအနေဖြင့် "အလ္လာဟ်အရှင်မြတ်မှအပ အခြားခဝပ် ကိုးကွယ်ထိုက်သော အရှင်မရှိကြောင်းနှင့်တမန်တော်မု ဟမ္မဒ်သည် အလ္လာဟ်အရှင်မြတ်၏စေတမန်တော်ဖြစ် ကြောင်းကိုကျွန်တော်မျိုးသက်သေခံအပ်ပါ၏" ဆိုသော သက်သေခံချက်ကိုနားလည်သဘော ပေါက်ကာယုံကြည် ခြင်းအတိနှင့်ရွတ်ဆိုသည်နှင့် အစ္စလာမ်သာသနာကိုယုံကြ ည်လက်ခံသည့် မွတ်စ်လင်မ်တစ်ဦးဖြစ်သွားပါမည်။ ထို့ နောက် ကျန်ရှိသော အစ္စလာမ့်ကျင့်စဉ်ကျင့်ရပ်၊အထိမ်း အမှတ်များကို တစ်ဆင့်စီအေးဆေးစွာသင်ယူသွားရပါမ ည်။ သို့မှသာ ဖန် ဆင်းရှင်အလ္လာဟ်အရှင်မြတ်၏အမိန့် တော်များကို တင်းပြည့်ကျပ်ပြည့်ဦးလည် မသုန်လိုက်နာနို င်ပေမည်။

***

my364v2.0 - 18/07/2026

جمعية خدمة المحتوى
الإسلامي باللغات